မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 20 , 2025 | Volume 88 , Number 11


၂၀.၃.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၁၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၄.၆၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၃.၉၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၅.၂၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၀၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၈ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ငရုတ်သီးဈေးများ မြင့်တက်နေ




ဈေးကွက်သို့ ငရုတ်သီးအဝင်နည်းနေသော်လည်း ပြည်တွင်းစားသုံးမှုပုံမှန်ရှိပြီး ပြည်ပအဝယ်ရှိနေတာကြောင့် ဈေးတက်လာခြင်းဖြစ်ကြောင်း ငရုတ်ကုန်သည်များက ပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်လ ၃ ရက်နေ့က ပန်းရဲ (သစ်) တစ်ပိဿာလျှင် ၅၅၀၀ မှ ၆၀၀၀ ကျပ်၊ မြစ်ဝမိုးထောင် တစ်ပိဿာလျှင် ၁၀,၀၀၀ ကျပ်၊ ဆင်ဖြူကျွန်းပု (သစ်)တစ်ပိဿာလျှင် ၁၄,၀၀၀ မှ ၁၅,၀၀၀ကျပ်သာရှိခဲ့ပြီး တစ်ဖြည်းဖြည်း မြင့်တက်လာကာ မတ်လ ၁၃ ရက်နေ့တွင် ပန်းရဲ (သစ်) တစ်ပိဿာလျှင် ၈၀၀၀ မှ ၈၅၀၀ ကျပ်၊ မြစ်ဝမိုးထောင်တစ်ပိဿာလျှင် ၈၅၀၀ မှ ၁၀,၅၀၀ ကျပ်နှင့် ငရုတ်ဆင်ဖြူကျွန်းပု (သစ်) တစ်ပိဿာလျှင် ၁၆,၅၀၀မှ ၁၇,၀၀၀ ကျပ်အထိ မြင့်တက်လာကြောင်း သိရသည်။

"မတ်လထဲမှာ ငရုတ်အမျိုးစားပေါ်မူတည်ပြီး တစ်ပိဿာကို ၃၀၀၀ နှုန်းလောက် တက်သွားတယ်။ဈေးကတက်နေတော့ ကြိုက်ဈေးပေးရောင်းတာတွေရှိတယ်။ ထိုင်းနိုင်ငံမှာ ငရုတ်ရာသီကုန်တော့မှာမို့ ဈေးတက်တာလို့ ပြောကြတယ်" ဟု ရန်ကုန်မြို့ရှိ ငရုတ်ပွဲရုံတစ်ခုမှတာဝန်ရှိသူတစ်ဦး ကပြောသည်။

မြေပြန့်ဒေသများတွင် ဈေးနှုန်းမြင့်တက်နေသော်လည်း ရှမ်းပြည်နယ်ဘက်မှာ ဈေးက ထင်သလောက်မတက်ကြောင်း ရှမ်းပြည်နယ်မှ ကုန်စိမ်းသည်များထံက သိရသည်။

ငရုတ်သီးစိမ်းမှာ ဈေးကွက်သို့အဝင်နည်းနေသော်လည်း ဈေးအကျပိုင်းတွင်ရှိနေကြောင်း အခြားမြို့များမှာ ရှမ်းပြည်နယ်က သယ်ရသည့် စရိတ်များ၊ အလုပ်သမားခများ အစရှိသည့်ကုန်ကျစရိတ်များနေသည့်အတွက် ပိုမိုဈေးတက်နေခြင်းဖြစ်ကြောင်း ရှမ်းကုန်သည်များထံက သိရသည်။

“ရှမ်းဒေသတွေမှာ ဇရက်က သုံးလပိုင်းအထိ ဆက်တိုက်ထွက်တယ်၊ အရင်နှစ်တွေနဲ့ယှဉ်ရင် အခုကာလက ထုတ်လုပ်မှုမများပေမဲ့လမ်းပန်း ဆက်သွယ်ရေးအခြေအနေနဲ့ ဝယ်လက်နည်းတာတွေကြောင့် ဈေးနှုန်းကျဆင်းခဲ့တာပါ။ ရှမ်းပြည်နယ်က တောင်သူတွေ ဈေးတန်းတစ်ခုတော့ ရမှာပါ” ဟု ရှမ်းပြည်နယ်အောင်ပန်းမှ ဇရက်ကုန်သည်တစ်ဦးကပြောသည်။

လက်ရှိရှမ်းပြည်နယ်၌ အရည်သွေးမီသည့်ဇရက်များထုတ်လုပ်ကာ ပြည်ပဈေးကွက်အထိ ချိတ်ဆက်နိုင်ရန် ဇရက်ကုန်စည်ပြပွဲများပြုလုပ်ကာ ကယန်းကုလားအော်၊ ရှမ်းပွနှင့်ရှမ်းသွယ်ဇရက်မျိုးများကို တောင်သူများက လေလံစနစ်ဖြင့်ရောင်းချနေကြောင်း သိရသည်။

ဇရက်သီးနှံကိုနှစ်စဉ်မိုးကြိုဇရက်၊ မိုးရာသီဇရက်နှင့် ဆောင်းဇရက်ဟူ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်းသိရပြီး မိုးကြိုဇရက်ကို မတ်လနှင့် ဧပြီလတို့၌ စိုက်ပျိုးပြီးဇွန်လတွင် စတင်ခူးဆွတ်လေ့ရှိကြောင်း သိရသည်။

လက်ရှိ ဇရက်သီးအား ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံသို့ အဓိကထားတင်ပို့နေပြီး တရုတ်၊ လာအို၊ မလေးရှားနိုင်ငံများသို့လည်း တင်ပို့နေကြောင်း သိရသည်။

**Source :** https://htwettoe.com/

## နှမ်းနှမ်းများစတင်စိုက်ပျိုးလျက်ရှိ



မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်တွင် နှမ်းနှမ်းများ စတင်စိုက်ပျိုးလျက်ရှိသည်။၂၀၂၅ ခုနှစ်အတွင်းနှမ်းနှမ်းစိုက်ပျိုးရန်အတွက်ဆည်မြောင်းဝန်ကြီးဌာနမှရေပေးဝေသောကြောင့် နှမ်းနှမ်းများ စိုက်ပျိုးလျက်ရှိကြောင်း၊နှမ်းစိုက်ပျိုးမှုအနေဖြင့်ဘောင်ကြောင်းပေးစနစ်ဖြင့် စိုက်ပျိုးကြပြီး နှမ်းဖြူ၊ နှမ်းညိုနှင့်နှမ်းနက်မျိုးများကို အများဆုံးစိုက်ပျိုးကြသည်။

၁ဧကစိုက်ပျိုးမှုအနေဖြင့်နှမ်းမျိုး ၁ပြည်လျှင် ၈၀၀၀–၈၂၀၀ ကျပ်အထိ ပေးဝယ်ရကြောင်း ၊၁ ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊သွင်းအားစု၊လုပ်သားခအပါအဝင် စုစုပေါင်း ၂၆၀,၀၀၀ကျပ်ခန့် ကုန်ကျကြောင်း၊ ၁ ဧက မျိုး (၂-၃)ပြည် စိုက်ပျိုးရကြောင်း ၊ နှမ်းဈေးနှုန်းအနေဖြင့် ယခုလက်ရှိ ပေါက်ဈေးမှာ နှမ်းဖြူတစ်တင်းလျှင် ၁၃၀,၀၀၀ကျပ် ၊ နှမ်းညိုတစ်တင်းလျှင် ၉၆,၀၀၀ကျပ်နှင့် နှမ်းနက်တစ်တင်းလျှင်၉၆,၀၀၀ ကျပ်ဖြစ်ပြီး နှမ်းဆီ ၁ ပိဿာလျှင်၁၈,၀၀၀ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည် ။

ကုန်သွယ်ရောင်းဝယ်မှုအနေဖြင့် တောင်သူများက နှမ်းပေါ်ချိန်တွင် နီးစပ်ရာကျောက်ဆည်မြို့ပေါ်ရှိပွဲရုံများသို့ တိုက်ရိုက်သွားရောက်ရောင်းချကြကြောင်း၊ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိသည် ။

တောင်သူများမှာ နှမ်းကိုဆီထွက်သီးနှံအဖြစ် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလျက်ရှိပြီး နှမ်းပေါ်ချိန်တွင် ဈေးနှုန်းများ ကောင်းမွန်ပါက တောင်သူများအကျိုးအမြတ်ပိုမိုဖြစ်ထွန်းနိုင်ကြောင်း၊ ၁ဧကအထွက်နှုန်း ခန့်မှန်းချက်(၁၀-၁၁)တင်းခန့်ထွက်ရှိနိုင်ကြောင်း၊ နှမ်းစိုက်ပျိုးသော တောင်သူများအနေဖြင့် မိသားစုစားသုံးဆီဖူလုံပြီး အကျိုးအမြတ်များရရှိသောကြောင့် ဆီထွက်သီးနှံဖြစ်သော နှမ်းသီးနှံကို နှစ်စဉ်စိုက်ပျိုးကြကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၀,၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလတွင် မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "မိကျောင်းကွမ်းဖတ်တွေကို ဟသ်ာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဈေးကွက်တွေကို တင်ပို့ရောင်းချနေပါတယ်။ မိကျောင်းကွမ်းဖတ်လုပ်ငန်းက ဆောင်းနဲ့နွေကာလမှာ အရောင်းအဝယ် အကောင်းဆုံးအချိန်ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ဟသ်ာတမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့်နီးစပ်သည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး မိကျောင်းကွမ်းဖတ်များသည် စိုက်ပျိုးပြီးချိန်မှစတင်ကာ လိုအပ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပက်ပေးရပြီး လိုအပ်ပါက ရေတင်ပေးရကြောင်း၊ မိကျောင်းကွမ်းဖတ်တစ်ကေလျှင် ပျမ်းမျှအထွက်နှုန်း ၁၇ တင်း မှ ၂၄ တင်းထိ ထွက်ရှိကြောင်း၊ အဆိုပါ မိကျောင်းကွမ်းဖတ် တစ်ပိဿာလျှင် ငွေကျပ် ၁၄,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက် ယခုနှစ်အမြင့်ဈေးရရှိပြီး တောင်သူများ တွက်ခြေကိုက်လျက်ရှိ



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်များတွင် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်မှာ ရာသီသီးနှံ အဖြစ် ဖေဖော်ဝါရီ လကုန်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး မတ်လပိုင်းဆိုလျှင် သီဟိုဠ် လှိုင်လှိုင်ပေါ်သည့်အချိန်ဖြစ်ကြောင်း၊သီဟိုဠ်ရာသီမှာ မိုးမရွာခင်အချိန်ထိ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်၍ မေ၊ ဇွန်လများတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းပါက သီဟိုဠ်စေ့မှာမိုးမိလျှင် ရေဝင်ကာ အသီးမှာမည်းသွားသည့်အတွက် ဈေးကွက်တွင် အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ရာသီပြီးဆုံးသွားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ဧက ၆၅,၀၀၀ ခန့်ရှိပြီး မြောင်းမြခရိုင်၊ ဟသ်ာတခရိုင်နှင့်လပွတ္တာခရိုင်အပါအဝင် သီဟိုဠ်အများဆုံးထွက်ရှိရာဒေသများမှာ ပုသိမ်ခရိုင်အတွင်း ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်နှင့် ငပုတောမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေဒေသကျေးရွာများအပြင်ချောင်းသာ၊ ငွေဆောင်၊ မော်တင်စွန်းဒေသများတွင်လည်း စိုက်ပျိုးလျက် ရှိကြောင်း၊ ပုသိမ်မြို့ပေါ်တွင် သီဟိုဠ်စေ့ကုန်ကြမ်းဝယ်ယူသည့်ဒိုင်၈ ဒိုင် ၉ ဒိုင်ခန့်ရှိ၍ ဝယ်ယူရရှိသော သီဟိုဠ်စေ့ ကုန်ကြမ်း များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့၍ ရန်ကုန်ရှိ သီဟိုဠ်ခွဲစက်များမှကုန်ချောများပြုလုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အဝယ်ဒိုင်များထံက သိရသည်။

ပုသိမ်မြို့ပေါ်တွင် သီဟိုဠ်ကုန်ချောများ ထုတ်လုပ်သည့် ခွဲစက်များရှိပြီး ကုန်ကြမ်းများကို ဝယ်ယူ၍ နှစ်ပတ်လည်သိုလှောင်ကာ ကုန်ချောပြုလုပ်ပြီး လစဉ်မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်နှစ်က သီဟိုဠ်စေ့ပေါ်ချိန် ၁ ပိဿာလျှင် ၄၀၀၀– ၄၁၀၀ ကျပ်ဈေးသာရှိပြီး ယခုနှစ် သီဟိုဠ်ပေါ်ချိန် ၁ ပိဿာလျှင် ၈၀၀၀– ၈၂၀၀ ကျပ်နှင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်ပြီး တောင်သူများ ယခင်နှစ်ထက် ဈေးပိုရရှိ၍ တွက်ချေကိုက်လျက်ရှိကြောင်း၊ မတ်လ သီဟိုဠ်လှိုင်ချိန်မှာလည်းဈေးကောင်းရရှိပြီး အချို့မြို့နယ်များတွင် ဈေးကွက်ပေါ်မူတည်၍ဈေးနှုန်းကွာခြားမှုရှိနိုင်ကြောင်း မြို့ပေါ်ရှိသီဟိုဠ်အဝယ်ဒိုင်များထံက သိရသည်။

**Source : DOCA(ဧရာဝတီ)**

https://www.doca.gov.mm/

## ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မနေသာခစပါးတင်းရေ ၆၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မနေသာခစပါးတင်းရေ ၆၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက မနေသာခစပါးတင်းရေ ၄၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလတွင်မနေသာခစပါးတင်းရေ ၆၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမနေသာခစပါးသီးသန့်တင်းရေ ၆၆,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့အခါမှာ အခက်အခဲမရှိပါဘူး" ဟု ၎င်းက ပြောသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် မနေသာခစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁,၆၇၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထရမ့်၏ မူဝါဒများနှင့်စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းသွားရန် ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်နှင့် Joint Standing Committee on Commerce, Industry and Banking တို့တွေ့ဆုံသွားရန်ရှိ

အမေရိကန်ကုန်သွယ်ရေးမူဝါဒအသစ်များနှင့်စပ်လျဉ်းသည့် အစီအမံများကို ဆွေးနွေးရန် ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်နှင့် Joint Standing Committee on Commerce, Industry and Banking တို့တွေ့ဆုံသွားရန်ရှိကြောင်း သိရသည်။

ကာလတို၊ ကာလလတ်နှင့် ကာလရှည်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များဆိုင်ရာ မဟာအစီအစဉ်မူကြမ်းရေးဆွဲရန် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အမေရိကန်သမ္မတ၏ မက္ကဆီကို၊ကနေဒါနှင့်တရုတ်အပေါ်အခွန်ကောက်ခံပြီးနောက် ကုန်သွယ်မှုပိုငွေဖြစ်ပေါ်နေသော နိုင်ငံများအနေဖြင့်လည်း တူညီသောအခြေအနေ များဖြစ်ပေါ်လာနိုင်ကြောင်း၊ ထိုင်းနိုင်ငံသည် ထရမ့်၏ ဦးတည်ရာဖြစ်လာနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံသည် အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေသည် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံကျော်ခဲ့ပြီး ကမ္ဘာ့အဆင့် ၁၁ ဖြစ်ကြောင်း၊ ကုန်သွယ်ရေးမူဝါဒကြောင့် ထိခိုက်နိုင်သည့် ကဏ္ဍတစ်ခုချင်းစီကို အစိုးရနှင့် ပုဂ္ဂလိကကိုယ်စားလှယ်များ ပူးတွဲစောင့်ကြည့်ရန်ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ် Mr. Kriengkrai Thiennukul က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် အခွန်ပြင်းထန်မှု၏အန္တရာယ်သာမက အမေရိကန်-တရုတ်ကုန်သွယ်မှုပဋိပက္ခကြောင့် တရုတ်လုပ်ငန်းများ၏တင်ပို့မှုလမ်းကြောင်းများပြောင်းလဲလာနိုင်ရာ သွယ်ဝိုက်သောသက်ရောက်မှုလည်းရှိနိုင်ကြောင်း၊ နယ်ပယ် ၄၇ ခုရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း အခု ၂၀ ခန့်သည် တရုတ်တန်ဖိုးနည်းပစ္စည်းများ၏ သက်ရောက်မှုကို ခံစားနေရကြောင်း Mr. Kriengkrai က ဖြည့်စွက်ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးမသေချာမှုအပေါ် ပထမအချက်အနေဖြင့် စိုးရိမ်နေသကဲ့သို့ အထူးသဖြင့် တရုတ်သွင်းကုန်များကြောင့် ပြည်တွင်းထုတ်လုပ်သူများကို ထိခိုက်လျက်ရှိရာ ပြည်တွင်းစီးပွားရေးသည်လည်း ဒုတိယစိုးရိမ်မှုဖြစ်ကြောင်း၊ ကုန်သွယ်ရေးဆိုင်ရာ စိုးရိမ်မှုများရှိနေသော်လည်း ထုတ်လုပ်မှုကဏ္ဍအတွက် ညွှန်ကိန်းသည် ဖေဖော်ဝါရီလတွင် ၉၃ ဒသမ ၄ ထိမြင့် တက်ခဲ့ကြောင်း၊ ထိုင်းဗဟိုဘဏ်၏ မူဝါဒအတိုးနှုန်းကို ၂ ဒသမ ၂၅ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့လျှော့ချခဲ့ခြင်း၊ အစိုးရ၏ Easy E-receipt အခွန်ပြန်အမ်းငွေအစီအစဉ်နှင့် ဇန်နဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၆ ရက်နေ့အတွင်း နိုင်ငံခြားသားဝင်ရောက်မှုဦးရေ ၆ သန်းကျော်ခဲ့ခြင်းအပါအဝင် အချက်များစွာကြောင့်ဖြစ်ကြောင်း အသင်းဒုတိယဥက္ကဋ္ဌ Mr. Apichit Prasoprat က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/news

## ၂၀၂၄ ခုနှစ်တွင် သစ်သီးတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၁ ဘီလီယံ ရရှိခဲ့သည့် ထိုင်းနိုင်ငံ




၂၀၂၄ ခုနှစ်တွင်သစ်သီးသည် ထိုင်းနိုင်ငံ၏ တန်ဖိုးအရှိဆုံး စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်တင်ပို့မှုဖြစ်ခဲ့ပြီး ဒူးရင်းတင်ပို့မှု တန်ဖိုးမှာ ဘတ် ၁၃၄ ဘီလီယံကျော်ခဲ့ကြောင်း ထိုင်းနိုင်ငံ ကုန်သွယ်ရေးမူဝါဒနှင့်မဟာဗျူဟာရုံး(TPSO)၏အဆိုအရသိရသည်။

TPSO၏ ညွှန်ကြားရေးမှူးချုပ် Poonpong Naiyanapakorn က ထိုအောင်မြင်မှု သည် ကမ္ဘာ့ဈေးကွက်များတွင်ဝယ်လိုအားမြင့်တက်လာမှုနှင့် ထိုင်းသစ်သီး၏ အရည်အသွေး နှင့် အရသာမြင့်မားမှုကြောင့် လူကြိုက်များမှုမြင့်တက်လာသောကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံသည်သစ်သီးတင်ပို့မှုမှတစ်ဆင့်ဝင်ငွေအမေရိကန်ဒေါ်လာ ၆ ဒသမ ၅၁ ဘီလီယံ ရရှိခဲ့ပြီး စုစုပေါင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တင်ပို့မှု ၏ ၂၂ ဒသမ ၆ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

လတ်ဆတ်သော သစ်သီးတင်ပို့မှုဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၅ ဘီလီယံရရှိခဲ့ကြောင်း ၊အဓိကပို့ကုန်များတွင် ဒူးရင်း၊ တောကြက်မောက်သီး၊ မင်းဂွတ်သီး၊ အုန်းသီးနှင့် သရက်သီးတို့ပါဝင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ဒူးရင်းသီးတန်ချိန် ၈၅၉,၁၈၃ တန်တင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။ တရုတ်မှာ ပို့ကုန်ဈေးကွက်ကိုလွှမ်းမိုးထားပြီး စုစုပေါင်း တင်ပို့မှု၏ ၉၇ ဒသမ ၄ ရာခိုင်နှုန်းရှိကာ ၎င်းတို့နောက်တွင် ဟောင်ကောင်၊ တောင်ကိုရီးယား၊ မလေးရှားနှင့် အမေရိကန်တို့ ရပ်တည်နေကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် တောကြက်မောက်သီးတန်ချိန် ၅၂၇,၉၂၇ တန် တင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇၁ သန်း၊ မင်းဂွတ်သီးတန်ချိန် ၂၈၄,၈၆၀တန် တင်ပို့ရာ မှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၉၁ သန်း၊ အုန်းသီးတန်ချိန်၂၅၇,၄၂၈ တန်တင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁၇ သန်းနှင့် သရက်သီးတန်ချိန် ၁၀၆,၇၅၃ တန်တင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၃ သန်း ရရှိခဲ့ကြောင်း သိရသည်။

Mr Poonpong ကထိုင်းနိုင်ငံ၏ လတ်ဆတ်သောသစ်သီးတင်ပို့မှုများသည် တရုတ်ဈေးကွက်ကို အလွန်အမင်းမှီခိုနေရပြီး အထူးသဖြင့် ဒူးရင်းသီးတွင်ယှဉ်ပြိုင်မှုများမြင့်တက်လာကြောင်း၊၂၀၂၃ ခုနှစ်မှ စ၍ တရုတ်သည် ထိုင်းဒူးရင်းသီးသာမက ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် မလေးရှားထံမှပါ တင်းကျပ်သောစည်းမျဉ်းများဖြင့် စတင်တင်သွင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ယှဉ်ပြိုင်နိုင်စွမ်း ဆက်လက်ထိန်းသိမ်းရန်ထိုင်းနိုင်ငံသည်လိုက်လျောညီထွေပြောင်းလဲရန်နှင့် အမေရိကန်၊ ဂျာမနီ၊ နယ်သာလန်နှင့်ယူကေပါဝင်သော ပို့ကုန်ဈေးကွက်သစ်များရှာဖွေသင့်ကြောင်း Mr Poonpong ကပြောကြားခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## အင်ဒိုနီးရှားနိုင်ငံ Subang မြို့တွင် အမေရိကန်ဒေါ်လာ၂၃၇ သန်းတန်ကြေးရှိသော စက်ရုံတည်ဆောက်ရန် VinFast ကုမ္ပဏီစီစဉ်




ဗီယက်နမ်ကားကုမ္ပဏီဖြစ်သည့် VinFast သည် အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားရှိ Subang မြို့တော်တွင် အမေရိကန်ဒေါ်လာ ၂၃၇ သန်းတန်ကြေးရှိသည့် လျှပ်စစ်ကားစက်ရုံတည်ဆောက်ရန် အာမခံခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Rosan Roeslani က ပြောကြားခဲ့သည်။

ထိုစက်ရုံသည် ဟက်တာ ၁၂၀ ကျော်ကျယ်ဝန်းပြီး တစ်နှစ်လျှင် ကားအစီးရေ ၅၀,၀၀၀ ထုတ်လုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

ဝန်ကြီး၏အဆိုအရ ရင်းနှီးမြှုပ်နှံမှု ကတိကဝတ် ပြုမှုသည် VinFast ၏ သမ္မတ Prabowo Subianto နှင့် အစည်း အဝေး

အတွင်း ရရှိခဲ့ခြင်း ဖြစ်ကြောင်း၊ VinFast သည် ထိုစက်ရုံကို Ramadan ဥပုတ်ကာလပြီးနောက် တည်ဆောက်မှု စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆောက်လုပ်ရေးသည် ယခုနှစ်တွင် ပြီးမြောက်ရန်နှင့် မော်တော်ယာဉ်ထုတ်လုပ်မှုကို စက်တင်ဘာလတွင် စတင်ရန် မျှော်လင့်ရကြောင်းနှင့် စက်ရုံသည် မော်တော်ယာဉ်အမျိုးအစားများစွာ ထုတ်လုပ်မည်ဟုသိရသည်။ စက်ရုံတည်ဆောက်ရေးအတွက် ပြင်ဆင်မှုများမှာ ချောမွေ့လျက်ရှိပြီး အစိုးရသည်လည်း ဆောက်လုပ်ရေးလုပ်ငန်းစဉ်များ ကို အရှိန်မြှင့်တင်ရန် ပံ့ပိုးပေးမည်ဟုသိရသည်။ ဝန်ကြီးက အင်ဒိုနီးရှားသည် VinFast ၏ မော်တော်ကားတင်ပို့ရန် ရည်ရွယ် ချက်ဖြင့် ထုတ်လုပ်ရန် ရည်မှန်းထားသည့် နိုင်ငံနှစ်နိုင်ငံထဲမှတစ်နိုင်ငံ ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ကားစက်ရုံတည်ဆောက်မည့်ကနဦးရင်းနှီးမြှုပ်နှံမှု ကတိကဝတ်ပြုမှုအပြင် ကုမ္ပဏီသည် အင်ဒိုနီးရှား၏ စွမ်းအင်ကဏ္ဍတွင် များစွာသောအခြား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို စိတ်ဝင်စားမှုကို ပြသခဲ့ကြောင်း သိရသည်။ VinFast သည် West Nusa Tenggara ရှိ ဆိုလာစွမ်းအင်စက်ရုံများနှင့် Sulawesi ရှိ လေစွမ်းအင် စက်ရုံများတွင် ရင်းနှီးမြှုပ်နှံရန် ၎င်းတို့၏ ဆန္ဒကိုဖော်ပြခဲ့ကြောင်း သိရသည်။ ထို့ပြင် ၎င်းတို့သည် အင်ဒိုနီးရှားနိုင်ငံတစ်ဝှမ်းတွင် လျှပ်စစ်မော်တော်ယာဉ်အားသွင်းရုံများ တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။ ထိုအားသွင်းရုံများတည်ဆောက်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံထိ ရောက်ရှိနိုင်ကြောင်း သိရသည်။

**Source: DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (20.3.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Mar. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,733 (Shares) | 16,947,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 37 | 266,400 | 33,109,694 | 238,390 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 1,822 | 5,810,300 | 38,929,150 | 124,573 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,048 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 5,622 | 10,124,600 | 29,664,613 | 54,880 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 10 | 29,000 | 12,823,224 | 37,187 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 42 | 67,200 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 0 | 0 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,250 | 200 | 650,000 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 20th Mar. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.38 | +2.79 | +0.77% | 360.59 | 363.38 | 360.59 | 7,733 | 16,947,500 | 8 | 685,398 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 20th Mar. 2025

| Trading Volume | Trading Value |
|---|---|
| 7,734 (Shares) | 16,950,800 (MMK) |

### Main Board

As of 1:00 pm, 20th Mar. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,733 (Shares) | 16,947,500 (MMK) |

| MYANPIX | 363.38 ▲ 2.79 |
|---|---|
| Total Volume (shares) | 7,733 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 685,398 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,900 | ▲ 50 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |

TIR